AFP

# လူထုအကြား ပြည်ပဝင်ရောက်စွက်ဖက်မှု

နိုင်ငံခြားအစိုးရများ၏ ခြိမ်းခြောက်မှုများနှင့် ရန်စမှုများကို သတင်းပို့နည်း

**အချက်အလက်စာတမ်း**/ မတ်လ ၂၀၂၃ afp.gov.au

## နိဒါန်း

ပြည်ပဝင်ရောက်စွက်ဖက်မှုသည် ဩစတြေးလျနိုင်ငံ၏ ပြည်သူများ၊ အချုပ်အခြာအာဏာ၊ လုံခြုံရေးအပြင် နိုင်ငံတော် အဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာအပေါ်ကို ကြီးမားသောခြိမ်းခြောက်မှုအဖြစ် ရပ်တည်နေပါသည်။ ပြည်ပဝင်ရောက်စွက်ဖက်ခြင်းခြိမ်းခြောက်မှုများကို ဩစတြေးလျလူထုကဏ္ဍတစ်ခုပေါ်တွင် ဖြစ်နိုင်သည်မဟုတ်သလို နိုင်ငံတစ်ခုတည်းမှ ထိုးဖောက်စွက်ဖက်ခြင်းဟု မဆိုနိုင်ပါ။ နိုင်ငံခြားနိုင်ငံမှ ဖက်စွက်လိုသူများ (အခြားနိုင်ငံများအပေါ် ဖက်စွက်ရန်ကြိုးပမ်းသော နိုင်ငံများ)သည် ဩစတြေးလျနိုင်ငံအတွက် ဆုံးဖြတ်ချက် ချမှတ်သူများအား ဝင်ရောက်စွက်ဖက်ရန် အစိုးရအဆင့်အားလုံးနှင့် ကဏ္ဍအသီးသီးတွင် အခွင့်အလမ်းများကို ဖန်တီးနေပြီး၊ ဒီမိုကရေစီအဖွဲ့အစည်းများ၊ ပညာရေးနှင့်သုတေသန၊ သတင်းစာနယ်ဇင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ အရေးကြီးလူမှုအဆောက်အအုံများတို့ ပါဝင်ပါသည်။ အရေးကြီးသည်မှာ ထုံးတမ်းစဉ်လာကွဲပြား ဘာသာစကားမတူသော (CALD)  လူထုအသိုင်းအဝိုင်းများ ဖြစ်ပါသည်။

## လူထုအကြား ပြည်ပဝင်ရောက်စွက်ဖက်မှု

လူထုအကြားပြည်ပဝင်ရောက်စွက်ဖက်မှုအား နိုင်ငံခြားအစိုးရများက ညွှန်ကြားကြီးကြပ်ပြီး သို့မဟုတ် ငွေကြေးထောက်ပံ့ပြီး၊  ဩစတြေးလျနိုင်ငံ၏ထုံးတမ်းစဉ်လာပေါင်းစုံအတူနေထိုင်ခြင်းကို ထိခိုက်ပျက်ပြားစေရန်အတွက် CALD လူထု အသိုင်းအဝိုင်း များဆီသို့ ဦးတည်ပစ်မှတ်ထားသော ခြိမ်းခြောက်ခြင်းနှင့် အနိုင်ကျင့်ခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ နိုင်ငံခြားအစိုးရများသည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လူထုများအတွင်း ဝင်ရောက်စွက်ဖက်နိုင်သည်-

- နိုင်ငံခြားအစိုးရတစ်ခု၏ ပြည်တွင်းပြည်ပမူဝါဒများအပေါ် ဝေဖန်မှုများကို ရပ်စဲစေရန်
- CALD အဖွဲ့များ၏ အဖွဲ့ဝင်များ (လူကိုယ်တိုင်နှင့် အွန်လိုင်း) လှုပ်ရှားမှုများကို စောင့်ကြည့်ရန်
- နိုင်ငံခြားအစိုးရတစ်ခု၏ အမြင်များနှင့် မူဝါဒများကို မြှင့်တင်ရန်
- နိုင်ငံခြားအစိုးရတစ်ခု၏အကျိုးအတွက် သတင်းရယူရန်
- လူထုအများစု၏အမြင်များနှင့်ထင်မြင်ချက်များကို လွှမ်းမိုးရန်။

## လူထုအကြား ပြည်ပဝင်ရောက်စွက်ဖက်မှုသည် ပုံစံအမျိုးမျိုး ရှိနိုင်သည်။

အောက်ပါတို့ ပါဝင်နိုင်သည်-

- ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု သို့မဟုတ် ကိုယ်ထိလက်ရောက်တိုက်ခိုက်ရန် ခြိမ်းခြောက်ခြင်း
- ခြိမ်းခြောက်အကျပ်ကိုင်ခြင်း
- ပြန်ပေးဆွဲခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးခြင်း သို့မဟုတ် လွတ်လပ်မှုပိတ်ပင်ခြင်း
- နောက်မှလိုက်၍ နှောင့်ယှက်ခြင်းနှင့် မလိုလားအပ်သော လူကိုယ်တိုင် သို့မဟုတ် စက်အားဖြင့် နောက်ယောင်ခံခြင်း
- နိုင်ငံရပ်ခြားနေမိသားစု သို့မဟုတ် အပေါင်းအသင်းများအား ခြိမ်းခြောက်ခြင်းဖြင့် တစ်ဦးဦးအား အတင်းအကျပ်ကိုင် လုပ်ကိုင်စေခြင်း
- လူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့အား အသရေဖျက်ရန် လူမှုကွန်ရက်မှတစ်ဆင့် အွန်လိုင်းပေါ်တွင် မဟုတ်မမှန် လုပ်ကြံလှုံ့ဆော်ခြင်းများ

အရေးကြီးသည်မှာ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ၁၉၉၅ (Cth) အရ ပြည်ပဝင်ရောက်စွက်ဖက်မှု ဖြစ်ကြောင်းပြရန် ထိုလုပ်ဆောင်ချက်သည် နိုင်ငံခြားအစိုးရ သို့မဟုတ် ၎င်း၏ ကိုယ်စားပြုသူနှင့် ဆက်စပ်မှု ရှိရမည် ဖြစ်ပါသည်။ ရာဇဝတ်မှုကို အကဲဖြတ်ရာတွင်၊ တရားဥပဒေစိုးမိုးရေး ဌာနများသည် ဩစတြေးလျ ပြည်နယ် သို့မဟုတ် နယ်မြေတွင်းပြစ်မှုများကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။

## ဘယ်သူကို ပစ်မှတ်ထားပါသလဲ။

နိုင်ငံခြားအစိုးရများသည်-

- ဩစတေးလျတွင်နေထိုင်သူ နိုင်ငံသားဟောင်းများ သို့မဟုတ် လက်ရှိနိုင်ငံသားများ
- နိုင်ငံရေးနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများ
- အစိုးရဆန့်ကျင်သူများ
- သတင်းစာဆရာများ
- နိုင်ငံရေးအတိုက်အခံများ
- ဘာသာရေး သို့မဟုတ် လူမျိုးစုအရ လူနည်းစုများ

## မိမိ ဘယ်လို ကူညီနိုင်သလဲ။

လူထုအကြားပြည်ပဝင်ရောက်စွက်ဖက်မှု သတင်းပို့ခြင်းအားလုံးအတွက် AFP မှ ဆောင်ရွက်မှု သိသာစွာ ဖြစ်စေနိုင်မည် မဟုတ်သော်လည်း သတင်းပို့ခြင်းတစ်ခုစီသည် ဖြစ်ပေါ်လာနေသောပြဿနာများ၏ **အခြေအနေကို သိသာရန် ကူညီပေးပါသည်။**

လူထုအကြားပြည်ပဝင်ရောက်စွက်ဖက်မှုအတွက် မည်သည့် သတိထားစရာများနှင့်/သို့မဟုတ် မည်သည့်ဖြစ်စဉ်မျိုးမဆို **နိုင်ငံတော်လုံခြုံရေး ဆိုင်ရာ အရေးပေါ်ဖုန်းလိုင်း (NSH)** သို့ သတင်းပို့နိုင်ပါသည်။

· NSH သည် တစ်ရက်လျှင် ၂၄ နာရီ၊ တစ်ပတ်လျှင် ၇ ရက် ဆက်သွယ်နိုင်ပြီး လူထုအကြားပြည်ပဝင်ရောက်စွက်ဖက်မှု နှင့်ပတ်သက်၍ သတိထားစရာများကို သတင်းပို့ရန် အဓိကနေရာ ဖြစ်သည်။
· NSH ဖုန်းဖြေဆိုသူများသည် သင် အကြောင်းကြားသည့်သတင်းများနှင့်ပတ်သက်၍ လုပ်ဆောင်ရမည်ကို သိရှိပြီး၊ လိုအပ်ပါက ၎င်းတို့သည် ထိုသတင်းအား အကဲဖြတ်ရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဌာနများသို့ ပေးပို့မည် ဖြစ်သည်။
· NSH ဖုန်းဖြေဆိုသူများသည် ဖုန်းခေါ်မှုတိုင်းကို အလေးအနက်ထားပြီး လက်ခံရရှိသော သတင်းအားလုံးကို တန်ဖိုးထားပါသည်။
· သတိထားရမည့်ကိစ္စရပ်ကို သတင်းပို့ခြင်းသည် ကြီးမားသောအဆင့်ဖြစ်နိုင်သည်ကို သိနားလည်ပြီး၊ သင်၏ ကိုယ်ရေးအခွင့်အရေးကို အလေးအနက် စောင့်ထိန်းထားပါသည်။ အမည်မဖော်ပြလိုပါက ဖုန်းဖြေဆိုသူအား ပြောပြပါ။
· သတင်း၏ အရေးကြီးသဘောသဘာဝကြောင့်၊ သင်၏ ဖုန်းခေါ်ခြင်း သို့မဟုတ် အီးမေးလ်ပို့ခြင်း၏နောက်ဆက်တွဲအတွက် အကြံဉာဏ်ကို သင် လက်ခံရရှိမည် မဟုတ်ပါ။

သင်အကြောင်းကြားသော သတင်းသည် လူထုအကြားပြည်ပဝင်ရောက်စွက်ဖက်မှုကို တားဆီးရာတွင် AFP၏ လိုအပ်နေသော အပိုင်းတစ်ခု ဖြစ်နိုင်ပါသည်။

**NSH** ကို ဆက်သွယ်ရန် နည်းလမ်းများစွာ ရှိပါသည်။

- **ဖုန်းခေါ်ရန် - ၁၈၀၀ ၁၂၃ ၄၀၀**
  - ဩစတြေးလျပြင်ပမှ - (+၆၁) ၁၃၀၀ ၁၂၃ ၄၀၁
  - TTY အသုံးပြုသူများ (အကြားအာရုံချို့တဲ့သောသူများ)အတွက်- ၁၈၀၀ ၂၃၄ ၈၈၉
  - **သင် စကားပြန်လိုအပ်ပါက၊ ဘာသာပြန်နှင့် စကားပြန်လုပ်ငန်းဌာနသို့ ၁၃၁ ၄၅၀ မှတဆင့် ဖုန်းခေါ်၍ နိုင်ငံတော်လုံခြုံရေး ဆိုင်ရာ အရေးပေါ်ဖုန်းလိုင်း (NSH) ဆက်သွယ်ရန် ပြောပါ။**

- **ဖုန်းစာတိုပို့ခြင်း**
  - သင့်သတင်းများကို ၀၄၂၉ ၇၇၁ ၈၂၂သို့ စာတိုပေးပို့ပါ။
- **အီးမေးလ်ပို့ခြင်း**
  - သင့်သတင်းများကို hotline@nationalsecurity.gov.au သို့ အီးမေးလ် ပေးပို့ပါ။
- **စာပို့ခြင်း-**
  - သင့်သတင်းများကို အောက်ပါလိပ်စာသို့ စာပို့ပါ-

    National Security Hotline
    Department of Home Affairs
    PO Box 25
    Belconnen ACT 2616

## အခြားနည်းလမ်းများဖြင့် သတင်းပို့ရန်

သင်၏ သတိထားစရာများကို သင့်လျော်ရာ အခြားနည်းလမ်းများစွာဖြင့်လည်း သတင်းပို့နိုင်ပါသည်။

· eSafety သည် အလွန်တရာ ရိုင်းစိုင်းကြမ်းတမ်းသော အွန်လိုင်းအကြောင်းအရာများ ဖယ်ရှားရာတွင် ကူညီပေးပါသည်။ သင်သည် ဆိုးရွားသော အွန်လိုင်းရိုင်းစိုင်းကြမ်းတမ်းမှုကို eSafety.gov.au/report တွင် eSafety ကော်မရှင်မင်းကြီးသို့ တိုင်ကြားနိုင်ပါသည်။
· သင်သည် မည်သည့်နည်းဖြင့်မဆို **ခြိမ်းခြောက်မှု သို့မဟုတ် မလုံခြုံမှု** ခံစားရပါက၊ သင်သည် အောက်ပါတို့ထံ ဆက်သွယ်နိုင်သည်-

- **ရဲတပ်ဖွဲ့ - လတ်တလောခြိမ်းခြောက်မှုအတွက် ၀၀၀သို့ ဖုန်းခေါ်၍**
- **ရဲတပ်ဖွဲ့ - အသက်အန္တရာယ် မစိုးရိမ်ရသော ဖြစ်ရပ်များတွင် ရဲခေါ်ရန် ၁၃၁ ၄၄၄ သို့ ဖုန်းခေါ်၍**

· သင်သည် နိုင်ငံတော်အဆင့်ရာဇဝတ်မှုတစ်ခုကို AFP သို့ forms.afp.gov.au/online_forms/report_a_crime တွင် အွန်လိုင်းမှတစ်ဆင့် နိုင်ငံတော်အဆင့်ရာဇဝတ်မှုပုံစံ သုံး၍ တိုင်ကြားနိုင်ပါသည်။ နိုင်ငံတော်အဆင့်ရာဇဝတ်မှုတစ်ခုနှင့်ပတ်သက်သည့် နောက်ထပ် အချက်အလက်များအတွက် afp.gov.au/contact-us/report-commonwealth-crime#What-is-a-Commonwealth-crime တွင် ကြည့်ပါ။
· လူထုအသိုင်းအဝိုင်းမှအဖွဲ့ဝင်တစ်ဦးအနေဖြင့် သံသယရှိနိုင်ဖွယ်ရှိ သူလျှိုလုပ်ငန်း သို့မဟုတ် ပြည်ပဝင်ရောက်စွက်ဖက်မှု လုပ်ဆောင်ချက်များကို AFP ဝန်ထမ်းတစ်ဦး (AFP ၏ လူထုဆက်ဆံရေးအဖွဲ့အပါအဝင်)ကို တိုက်ရိုက်သတင်းပို့နိုင်ပါသည်။

## လူထုအကြား ပြည်ပဝင်ရောက်စွက်ဖက်မှုကို သတင်းပို့ခြင်းဖြင့် ဘာမျှော်လင့်နိုင်မလဲ။

AFP သည် လူထုအကြားပြည်ပဝင်ရောက်စွက်ဖက်မှုသတင်းပို့ချက်တိုင်းကို စုံစမ်းစစ်ဆေးမှု မပြုနိုင်ပါ။ NSH သို့ သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ သတင်းပို့ချက်အတွက် ဖုန်းခေါ်မှုတစ်ခုစီအား ရာဇဝတ်ပြစ်မှုကျူးလွန်ကြောင်းရှိမရှိ ဆုံးဖြတ်ရန် အခြေအနေတစ်ခုချင်းအလိုက် ဆုံးဖြတ်ပါသည်။ သတင်းပို့ချက်၏ နောက်ဆက်တွဲတွင် အောက်ပါတို့ ပါဝင်ပါသည်။

· အဆိုပါသတင်းပို့ချက်အား ရဲတပ်ဖွဲ့အနေဖြင့် အရေးယူရန် ဥပဒေဘောင်အတွင်းမှ သတ်မှတ်ချက်များနှင့် မကိုက်ညီသောကြောင့် ဆက်လက် မဆောင်ရွက်နိုင်ပါ
· AFP မှ စုံစမ်းစစ်ဆေးနိုင်ပါသည်
· အခြားရဲဌာန သို့မဟုတ် အစိုးရဌာနက ယင်းကိစ္စကို ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်

သြစတြေးလျနိုင်ငံပြင်ပ ဖြစ်ပွားသောပြစ်မှုများအတွက် တရားစီရင်ရေးဆိုင်ရာ ကန့်သတ်ချက်များ ရှိသည်။

# ခြိမ်းခြောက်မှုအမျိုးအစားများ

## လူကိုယ်တိုင် ခြိမ်းခြောက်ခံရပါက

- ခြိမ်းခြောက်မှုအား လက်ခံရရှိသည့်အတိုင်း အတိအကျ ချရေးပါ သို့မဟုတ် မှတ်တမ်းတင်ပါ။
- ခြိမ်းခြောက်မှု ပြုလုပ်ခဲ့သူ (အမည်၊ ကျား‌မ၊ အရပ်၊ ကိုယ်အလေးချိန်၊ ဆံပင်နှင့် မျက်လုံးအရောင်၊ အသံ၊ အဝတ်အစား သို့မဟုတ် အခြားထူးခြားသည့်အင်္ဂါရပ်များ) နှင့်ပတ်သက်သော သရုပ်ပြအသေးစိတ်အချက်အလက်များကို မှတ်တမ်းတင်ထားပါ။
- ခြိမ်းခြောက်မှုကို ရဲထံ သတင်းပို့ပါ။

## တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ခံရပါက

- ဖြစ်နိုင်ပါက အနီးနားရှိ အခြားသူများကို အချက်ပြ၍ နားထောင်စေပြီး ရဲကို အကြောင်းကြားခိုင်းပါ။
- ဖုန်းခေါ်မှုကို ဖြစ်နိုင်ပါက မှတ်တမ်းတင်ပါ။
- ခြိမ်းခြောက်မှု၏ အသုံးအနှုန်း အတိအကျကို ချရေးပါ။
- ဖုန်းမျက်နှာပြင်ပေါ်မှ အချက်အလက်မှန်သမျှကို ကူးယူပါ။
- အသေးစိတ်အချက်အလက်များကို ရဲတပ်ဖွဲ့နှင့် ဆွေးနွေးနိုင်ရန် အသင့်ရှိပါစေ။

## ဖုန်းစာသား၊ တိုက်ရိုက်/သီးသန့်စာသား၊ လူမှုကွန်ရက် သို့မဟုတ် အီးမေးလ်အပါအဝင် အီလက်ထရွန်နစ်နည်းလမ်းများဖြင့် ခြိမ်းခြောက်ခံရပါက၊

- စာသားများကို မဖျက်ပါနှင့်။
- စာသားအချက်အလက်များကို ပုံနှိပ်ထုတ်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ဖုန်းမျက်နှာပြင်ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် ကူးယူခြင်း (အကြောင်းအရာ၊ ရက်စွဲ၊ အချိန်၊ ပေးပို့သူ စသည်ဖြင့်) လုပ်ထားပါ။ ခေတ္တသာရှိနိုင်သော စာသားများကို သိမ်းဆည်းထားကြောင်း သို့မဟုတ် ဖုန်းမျက်နှာပြင် ဓာတ်ပုံရိုက်ထားကြောင်း သေချာပါစေ။
- ခြိမ်းခြောက်မှုခံရကြောင်း ရဲထံ ချက်ချင်းအကြောင်းကြားပါ။
- အီလက်ထရွန်းနစ်အထောက်အထားအားလုံးကို သိမ်းဆည်းထားပါ။

**သင်အပေါ် ထိုသို့ခြိမ်းခြောက်မှုများမှ ကာကွယ်ရန်၊ အောက်ပါအကြံပြုချက်များကို လိုက်နာပါ-**

- **မသိသူသူများထံမှ အီလက်ထရွန်နစ်စာသားများ သို့မဟုတ် ပူးတွဲပါဖိုင်များ မဖွင့်ပါနှင့်။**
- **လူမှုကွန်ရက်များတွင် မသိသူများ သို့မဟုတ် မမျှော်လင့်သူများနှင့် မဆက်သွယ်ပြုပါနှင့်။**
- **သင့်စက်ပစ္စည်းများ/အသုံးပြုအမည်များတွင် လုံခြုံရေးအဆင့်များကို အမြင့်ဆုံးထားပါ။**
- **ကွန်ပျူတာရာဇဝတ်ကောင်များသည် သင့်အီလက်ထရွန်နစ်ပစ္စည်းများကို ချိုးယွင်းစေပြီး၊ ထိုမှတဆင့် ကိုယ်ရေးအချက်များကို ရယူနိုင်သည်။**
- **သင့်ဘဏ်စာရင်းများကို ခိုးယူခြင်းမှ ကာကွယ်ရန် သင့်ဘဏ်အဖွဲ့အစည်းများကို ချက်ချင်းဆက်သွယ်ပါ။**
- **မသိသာနိုင်သော လျှို့ဝှက်စကားစုများကို သုံးပြီး၊ ထိုလျှို့ဝှက်စကားစုကို ဝဘ်ဆိုဒ်များစွာတွင် မသုံးပါနှင့်။**
- **ကွန်ပျူတာဗိုင်းရပ်နှင့် ခိုအောင်းနိုင်သောဆော့ဖ်ဝဲကာကွယ်ခြင်းကို နောက်ဆုံးပေါ်အဆင့် ရှိနေပါစေ။**
- **လိုအပ်သလို ကွန်ပျူတာစနစ်နှင့် ဆော့ဖ်ဝဲနောက်ဆုံးပေါ်အဆင့် ရယူထားပါ။**
- **နှစ်ဆင့် စိစစ်ရေး (Two-Factor Authentication) ကို အသုံးပြုပါ။**
- **အချက်အလက်များကို အချိန်မှန် အရံအနေဖြင့် ကူးသိမ်းထားပါ။**
- **သင့်ဖုန်းနှင့် အလားတူစက်ကို လုံခြုံစေအောင် စီမံဆောင်ရွက်ပါ။**
- **သင့်ကွန်ပျူတာလုံခြုံရေးအတွက် စဉ်းစားမှုနှင့် သိနားလည်မှုကို တိုးတက်နေစေပါ။**
- **နောက်ထပ်အချက်အလက်များအတွက် cyber.gov.au ကို သွားရောက်ကြည့်ရှုပါ။**